# ရာဇဝတ်မှုဆိုင်ရာ အနှောင့်အယှက်ကို ခံရသည့် နိုင်ငံခြားသားအတွက် လုပ်ပိုင်ခွင့် နှင့် ထောက်ပံ့ရေးစနစ် လမ်းညွှန်စာ

ရာဇဝတ်မှုကြောင့် အနှောင့်အယှက် ခံရသည့် အခြေအနေတွင် စစ်ဆေးရေးဖြစ်စေတရားစီရင်ချက်အစီအစဉ်များတွင် အောက်ဖော်ပြပါ လုပ်ပိုင်ခွင့်အခြေအနေနှင့် ထောက်ပံ့မှုကို ရနိုင်ပါသည်။

- စစ်ဆေးရေးဖြစ်စေ တရားစီရင်ချက်အစီအစဉ်များတွင် စိတ်မသက်မသာဖြစ်ခြင်း သို့ စိတ်တင်းကျပ် စိတ်လှုပ်ရှားခြင်း ခံစားရမည်ကို စိုးရိမ်သည့် အခြေအနေတွင် အပြန်အလှန် ယုံကြည်မှုရှိသော မိတ်ဆွေကို အတူ ခေါ်ဆောင်လာနိုင်ပြီး ဘာသာစကားအခက်အခဲအတွက် စကားပြန် တောင်းဆိုနိုင်ပြီး တရားခွင်သို့ ကိုယ်တိုင် လာရောက်ပြီး အမှုတွဲနှင့် ပတ်သက်သော အကြံဉာဏ်များကို ပြောဆိုနိုင်ပါသည်။

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းဖြစ်စေ ကလေးသူငယ်ညှင်းပန်းနှိပ်စက်ခြင်းဆိုင်ရာ ရာဇဝတ်မှု၏ တရားလို ဖြစ်လျှင် စုံထောက်စစ်ဆေးရေးလုပ်ထုံးလုပ်နည်းအရ ဥပဒေဆိုင်ရာ အကူအညီကို ရရှိရန်အတွက် ရှေ့နေကို ရွေးချယ်ခေါ်ယူနိုင်ပြီး ရှေ့နေ မရှိသည့်အခြေအနေတွင် အစိုးရရှေ့နေ ရွေးချယ်သော ရှေ့နေရဲ့ အကူအညီကို ရရှိနိုင်ပါသည်။

- အိမ်တွင်းအကြမ်းဖက်မှုဖြစ်စေ ကလေးသူငယ်ညှင်းပန်းနှိပ်စက်ခြင်းဆိုင်ရာ ရာဇဝတ်မှု၏ တရားလို ဖြစ်သည့်အခါ အစိုးရရှေ့နေဖြစ်စေ ရဲထံသို့ တရားခံ၏ ချဉ်းကပ်မှုအား တားမြစ်ခြင်းအမိန့် စသည့် လုပ်ဆောင်မှုများအား တောင်းဆိုသည်ဖြစ်စေ တရားရုံးမှ တိုက်ရိုက် ကာကွယ်စောင့်ရှောက်ရန်အတွက် လုပ်ဆောင်ပေးရန် တောင်းခံနိုင်ပါသည်။

- တရားခံဆီမှ ထိခိုက်နစ်နာကြေး မရရှိသည့် အခြေအနေမျိုးတွင် သတ်မှတ်ထားသော စစ်ဆေးခြင်းမှတဆင့် အစိုးရရှေ့နေရုံးမှ ဆေးကုသစရိတ် စသည့် အထောက်အပံ့ကို ရနိုင်ပါသည်။ ( သို့သော် ထို အခြေအနေမျိုးတွင် တရားလိုသည် ဥပဒေနှင့်ကိုက်ညီသော ကိုရီးယားနိုင်ငံ နေထိုင်ခွင့်ကို ရရှိထားရမည်ဖြစ်ပြီး တရားခံသည် နိုင်ငံခြားသားဖြစ်သည့် အခြေအနေတွင် တရားလိုသည် နိုင်ငံခြားသားဖြစ်ကြောင်း မှတ်ပုံတင်ထားရှိသူ ဖြစ်ရပါမည်။ )

- အိမ်တွင်းအကြမ်းဖက်မှုဖြစ်စေ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ရာဇဝတ်ဆိုင်ရာ တရားလိုဖြစ်သည့် အခြေအနေတွင် စစ်ဆေးရေး၊ တရားခွင် သို့မဟုတ် မှန်ကန်သော လုပ်ပိုင်ခွင့်လုပ်ထုံးလုပ်နည်းများ ပြီးဆုံးတဲ့ အချိန်ထိ နေထိုင်ခွင့်သက်တမ်းတိုးခွင့်ကို လျှောက်ထားနိုင်သည်။ ( သို့သော် အိမ်တွင်းအကြမ်းဖက်မှု အခြေအနေတွင် အိမ်ထောင်ဖက်သည် ကိုရီးယားနိုင်ငံသားဖြစ်ရပါမည်။)

- လူသတ်မှု၊ အနာတရဖြစ်စေခြင်း စသည့် လူ့အသက်နှင့်ခန္ဓာကို နှောင့်ယှက်ခြင်း ရာဇဝတ်မှု နှင့် ခိုးမှု၊ လိမ်လည်ခြင်း စသည့် ပိုင်ဆိုင်မှု နှောင့်ယှက်ခြင်း ရာဇဝတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှု စသည့်တို့ကြောင့် ထိခိုက်နစ်နာခြင်းခံရပြီး စုံစမ်းစစ်ဆေးခြင်းစသည့် နစ်နာမှုလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်နေသည့် အခြေအနေတွင် တရားလိုသည်တရားမဝင်နေထိုင်သူဖြစ်သော်လည်း တာဝန်ခံ အစိုးရဝန်ထမ်းမှလူဝင်မှုကြီးကြပ်ရေးရုံးသို့ ကိုယ်ရေးအချက်အလက်များကို အကြောင်းမကြားခြင်းများရှိနိုင်သည်။

※ အသေးစိတ်အခြေအနေအား အစိုးရရှေ့နေရုံး တရားလိုထောက်ပံ့ရေးရုံးခန်း ဖုန်း(1577-2584)သို့ ဆက်သွယ်မေးမြန်းသည်ဖြစ်စေ ပြစ်မှုဆိုင်ရာတရားမျှတမှု(www.kics.go.kr)သို့ဝင်ရောက် ကြည့်ရှု အတည်ပြုစေလိုပါသည်။
※ အစိုးရရှေ့နေရုံးသို့ ဖုန်းဆက်သည်ဖြစ်စေ ကိုယ်တိုင်လာရောက်ဆွေးနွေးလိုလျှင် စကားပြန် လိုအပ်ခဲ့ပါက သက်ဆိုင်ရာ အစိုးရရှေ့နေရုံးရှိ စကားပြန် ဝန်ဆောင်မှုကို ဆောင်ရွက်ပေးခြင်းရှိမရှိ မေးမြန်းသည်ဖြစ်စေ သက်ဆိုင်ရာ မိခင်နိုင်ငံ သံရုံးဖြစ်စေ ယဉ်ကျေးမှုပေါင်းစုံမိသားစုရေးရာ စင်တာ(☎1577-1366))သို့ ဆက်သွယ်ပြီး စကားပြန် ဝန်ဆောင်မှု မေးမြန်းစုံစမ်းနိုင်ပါသည်။

**<အထက်ပါအတိုင်း အချက်အလက်များဆောင်ရွက်ပေးခြင်းကို လက်ခံရရှိကြောင်း အတည်ပြုပါသည်။>20....   အတည်ပြုသူ   (လက်မှတ်)**

**<အခြား နည်းလမ်းဖြင့် ဆောင်ရွက်ပေးသည့် အခြေအနေ>   မျက်နှာချင်းဆိုင်တွေ့ဆုံခြင်း □ တယ်လီဖုန်း □FAX □စာတိုက် □အခြား □**

**တာဝန်ခံ   (လက်မှတ်)**